# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဧပြီ ၁၁ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လျှော်ဘေးဒဏ်ကြောင့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ပင်မသုံးထပ်စာသင်ဆောင် ထိခိုက်ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၊ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးမှာကြား၊ ထိခိုက်ပျက်စီးမှုများကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တောင်ကြီးမြို့ မြို့တော်ခန်းမနှင့် ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမတို့၌ သီးခြားစီတွေ့ဆုံ၍ ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

## ယနေ့ ဖတ်စရာ

**မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့် ကြင်နာချစ်ခြင်း သံခင်းတမန်ခင်း**
ဆောင်းပါး စာ ၁၀

**၂၀၂၅ ခုနှစ် ဧပြီလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းသို့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၃၄၃ သန်းနှင့် ပြည်တွင်းလုပ်သား ၈၇ ဦး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့**
ပြည်တွင်းသတင်း စာ ၁၉



**ယူအေအီးနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ**
ပြည်တွင်းသတင်း စာ ၂၀

# အနာဂတ်သဘာဝဘေးများအတွက် စည်းလုံးညီညွတ်မှု ခိုင်မာစွာတည်ဆောက်

အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၈ ရက်အထိ သေဆုံးသူ ၃၅၉၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၄ ဦးနှင့် ပျောက်ဆုံးသူ ၁၄၈ ဦး ရှိသည်။ အဏုမြူဗုံး ၃၃၄ လုံး ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် စွမ်းအင်နှင့်ညီမျှသည့် မြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးမှုများမှာ မိမိတို့တစ်သက်တာတွင် မမြင်ဖူးခဲ့သည့် မြင်ကွင်းများဖြစ်ပြီး ကြောက်ခမန်းလိလိပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ကြီးမားပြင်းထန်သည့် သဘာဝဘေးများ မကြာခဏကြုံတွေ့နေရသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း မုန်တိုင်းနှင့်ရေကြီးရေလျှံမှုဖြစ်စဉ်များ ခပ်စိတ်စိတ်ဖြစ်ပေါ်ခဲ့သည်။ မြေငလျင်အန္တရာယ်မှာမူ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် သဘာဝဘေးအန္တရာယ်ဖြစ်သည့်အလျောက် ကြိုတင်ပြင်ဆင်ကာကွယ်တိမ်းရှောင်နိုင်သည့် အခွင့်အလမ်းမရှိ။ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးတွင် နိုင်ငံတစ်ဝန်းမှ လူနေအိမ်ပေါင်း ၄၈၈၃၄ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၀၉၄ ကျောင်း၊ စာသင်ကျောင်း ၂၀၄၅ ကျောင်း၊ ဌာနဆိုင်ရာ ရုံး/ အဆောက်အအုံ ၂၁၇၁ လုံး၊ တံတား ၁၄၈ စင်း၊ ဘုရားစေတီ ၅၂၇၅ ခု အပါအဝင် သာသနိကအဆောက်အအုံများ၊ ရှေးဟောင်းအမွေအနှစ်များ ထောင်နှင့်ချီ၍ ပျက်စီးဆုံးရှုံးခဲ့သည်။

မျက်စိဖြင့်မမြင်တွေ့နိုင်သည့် ပျက်စီးဆုံးရှုံးမှုများမှာမူ မြေငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများတွင် နေထိုင်ခဲ့ကြသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ၊ မိသားစုဘဝများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများပင်ဖြစ်သည်။ သို့ရာတွင် မည်းမှောင်နေသည့် မိုးသားတိမ်တိုက်များ၌ ငွေရောင်တောက်ပသည့် အနားသတ်များ ရှိနေသည်ဆိုသော ဥပမာကဲ့သို့ပင် မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြီးများ ဖြစ်ပေါ်တိုင်းဖြစ်ပေါ်တိုင်း အများအကျိုးဆောင်ခြင်း၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံခြင်း စသည့် လူသားတို့၏မွန်မြတ်သော စိတ်ထားနှလုံးသားတို့ ထင်ထင်ရှားရှားထွက်ပေါ်လာကြသည်ကို တွေ့မြင်ရသည်။ ဘေးဒုက္ခကိုအတူတကွ ရင်ဆိုင်ခံစားကြရသည့်အခါ လူမျိုးဘာသာ၊ အသွေးအရောင် စသည့်ကွဲပြားခြားနားမှုတို့ ပျောက်ကွယ်သွားကြသည်။ စာနာထောက်ထားမှု ကရုဏာစိတ်ဖြင့် တစ်ဦး၏ဒုက္ခကို တစ်ဦးကဖေးကူကြသည်။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ကနဦး ဆောင်ရွက်ရသောလုပ်ငန်းမှာ ရှာဖွေကယ်ဆယ်ရေးဖြစ်ပြီး မိမိနိုင်ငံမှ ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအပြင် နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များ၊ ဆေးအဖွဲ့များပါ လာရောက်ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတကာမှ လာရောက်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကယ်ဆယ်ရေးအဖွဲ့များမှာ လုပ်ငန်းတာဝန်များပြီးဆုံး၍ အသီးသီးပြန်ကြပြီဖြစ်သည်။ ကျန်ရှိနေသည့်ဆေးအဖွဲ့များ စသည်တို့မှာလည်း တာဝန်များပြီးဆုံးချိန်တွင် ပြန်ကြရမည်သာဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများစွာကို အစိုးရနှင့်ပြည်သူတို့ အတူတကွပူးပေါင်းကာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုကိုဖြစ်ပေါ်စေသည့် စစ်ကိုင်းပြတ်ရွေ့ကြီးမှာ မြန်မာနိုင်ငံ၏အလယ်တစ်လျှောက်တွင် ဖြတ်သန်းတည်ရှိနေရာ အကြမ်းဖျင်းအားဖြင့် နှစ်ပေါင်း ၈၀ မှ ၁၀၀ ကြားတွင် တစ်ကြိမ်လှုပ်ခတ်မည်ဟု ခန့်မှန်းရသည်။ ထို့အပြင် အခြားပြတ်ရွေ့များကြောင့်လည်း ငလျင်များဖြစ်ပေါ်နိုင်သလို မုန်တိုင်းနှင့်ရေကြီးရေလျှံမှု အန္တရာယ်တို့ကိုလည်း နှစ်စဉ်သတိပြုကြရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်များနှင့်အတူ ယှဉ်တွဲနေထိုင်ကြရမည့် မိမိတို့နိုင်ငံသားများအနေဖြင့် မည်သည့်သဘာဝဘေးကိုမဆို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများနှင့်အတူ ပိုမို၍ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ခိုင်ခိုင်မာမာတည်ဆောက်ကြရပါမည့်အကြောင်း။ ။

## မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့မှ နှောင်းတန်ခူး လပြည့်ကျော် ၄ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော် ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝအပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်–

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရိုင်းပြ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။




### ၁၀ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၂၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မော်လမြိုင်မြို့နယ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**မော်လမြိုင် ဧပြီ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများအနေဖြင့် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီး အပါအဝင် ကပ်ကြီးသုံးပါးဘေးတို့မှ ကင်းဝေးစေရန်ရည်ရွယ်၍ မွန်ပြည်နယ် အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မော်လမြိုင်မြို့နယ် ဌာနဆိုင်ရာများမှ ဝတ်ရွတ်အသင်းများက သက်ဆိုင်ရာ ဓမ္မာရုံများ၊ စေတီပုထိုးများနှင့် ဌာနဆိုင်ရာရုံးများ၌ ရွတ်ဖတ်ပူဇော်လျက်ရှိသည်။

ထိုသို့ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ရတနသုတ် တရားတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကျိုက်သလွံစေတီတော်မြတ်ကြီး၊ မစိုးရိမ်စာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များနှင့် ဝတ်ရွတ်အသင်းများ၏ ပရိတ်တရားတော်နှင့် ရတနသုတ်တရားတော်များ ရွတ်ဖတ်ပူဇော်မှုကို စီမံဆောင်ရွက်ပေးခဲ့သည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | စိုးစိုးနိုင် | **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းမှူး** | – | မြင့်စိုး | **အကြီးတန်း** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| **စာတည်းများ** | – | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | **သတင်းထောက်များ** | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **ဘာသာပြန်စာတည်း** | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | **အငယ်တန်း** | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ | **သတင်းထောက်များ** | | |
| **စာပြင်** | – | ဇော်မင်းသန်းနှင့် အဖွဲ့ | **ဓာတ်ပုံသတင်းထောက်** | – | တင်စိုး |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ | **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

○ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစည်းအဝေးခန်းမ၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာများ၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မြို့နယ်များတွင် လူထိခိုက်ဒဏ်ရာရရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီပုထိုးများ ထိခိုက်ပျက်စီးခဲ့ရမှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် သဘာဝဘေးဒဏ် တုံ့ပြန်ဆောင်ရွက်နိုင်မည့်အခြေအနေများ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့စဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ထိခိုက်ပျက်စီးခဲ့မှုများအား ကြည့်ရှုစစ်ဆေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ မှာကြားနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းအထိ ထိခိုက်သေဆုံးခဲ့ရသူ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိခဲ့ရသူ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးနေသူ ၁၄၅ ဦးရှိသည်ဟု သိရှိရကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့်သေဆုံးခဲ့ရသူများအား တစ်ဦးလျှင် ၁၀ သိန်းကျပ်စီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် နေအိမ် စုစုပေါင်း ခြောက်သောင်းကျော် ပျက်စီးဆုံးရှုံးခြင်း၊ စာသင်ကျောင်းပေါင်း ၂၃၆၆ ကျောင်း ပျက်စီးဆုံးရှုံးခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်စာသင်တိုက်ပေါင်း ၃၅၁၄ ကျောင်းပျက်စီးဆုံးရှုံးခြင်း၊ ဘုရားစေတီပေါင်း ၅၆၂၀ ပျက်စီးဆုံးရှုံးခြင်းနှင့် ဆေးရုံဆေးခန်း ၂၈၁ ခု ပျက်စီးဆုံးရှုံးခြင်းများဖြစ်ပေါ်ခဲ့ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ငလျင်သဘာဝဘေးဒဏ်ဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

- **ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့် အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့**
- **ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှုအလွန်ကြီးမားခဲ့ရ**

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် သင်ခန်းစာဖော်ထုတ်ရရှိခဲ့သည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ မဖြစ်မနေဆောင်ရွက်ကြရန် လိုအပ်သည်ကို သိရှိခဲ့ကြရကြောင်း၊ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့်အဆောက်အအုံများကို စစ်ဆေးခဲ့ရာတွင် အင်ဂျင်နီယာပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်မှုမရှိခဲ့ခြင်းနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် မညီညွတ်ဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် အသက်ပေါင်းများစွာ ပေးဆပ်ရခြင်းဖြစ်ပြီး ပေးဆပ်မှု အလွန်ကြီးမားခဲ့ရကြောင်း။

မိမိတို့အနေဖြင့် ငလျင်ဒဏ်ကြောင့် ပိတ်မိနေရသူများအား ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခဲစွာဖြင့် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း၊ ပြည်ပမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း အင်တိုက်အားတိုက်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီး၌ ရေထွက်နှင့်ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ငလျင်လှုပ်ပြီးလျှင်ပြီးချင်း တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့သကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြကြောင်း၊ အလှူရှင်များအနေဖြင့်လည်း ပြည်သူများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသကဲ့သို့ ငလျင်ဒဏ်သင့်ခဲ့ရသည့် ဒေသများသို့သွားရောက်၍ လှူဒါန်းမှုများ ရှိကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ အခက်အခဲများဖြစ်ပေါ်ချိန်တွင် အချင်းချင်းကူညီဆောင်ရွက်ပေးမှုများသည် ကောင်းမွန်သည့် စိတ်ဓာတ်များပင်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အချို့ရထားလမ်း၊ မော်တော်ကားလမ်းများ၊ ဘူတာရုံများ၊ တံတားများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ အမြန်ဆုံးပြန်လည်ကောင်းမွန်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ထိခိုက်ပျက်စီးခဲ့သည့် စာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်သည့်ဒေသများမှပြည်သူများ မိုးရာသီမရောက်မီ အမိုးအကာအောက်၌ လုံခြုံစွာနေထိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စနစ်တကျဆောင်ရွက်**

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များ ဆောက်လုပ်ရာတွင်လည်း စနစ်တကျဆောက်လုပ်ရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ပတ်သက်၍လည်း သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်မှုများရှိစေရေး အသိပညာပေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးတွင် ရေရရှိရေးသည် မဖြစ်မနေ လိုအပ်သည်ဖြစ်သည့်အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး၊ ရေဝေ ရေလဲ သစ်တောများထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ မိမိတို့ဒေသတွင်း၌ အခြေခံစားကုန်များကို လုံလောက်စွာထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း၊ ယခု ငလျင်သဘာဝဘေးဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးမြောက်မြားစွာလိုအပ်မည်ဖြစ်ကြောင်း၊ ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်မှသာ ပို့ကုန်တိုးမြှင့်လာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်ပပို့ကုန်တိုးမြှင့်ရရှိနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အနေဖြင့်လည်း မိမိတို့ဒေသတွင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များ တိုးမြှင့်ရရှိရေး၊ သီးထပ်စွမ်းအားများမြှင့်တင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရန်လိုပြီး ပို့ကုန်တိုးမြှင့်ရရှိရေးကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိအောင်အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ပညာရေးဆုံးခန်းမတိုင်ခဲ့ရသူများ များစွာရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းဒေသ၌လည်း စာရင်းများကောက်ယူ၍ ကျောင်းပြင်ပပညာရေးဖြစ်သည့် စာဖတ်ဝိုင်းများ၊ စာကြည့်တိုက်များ၊ အသိပညာပေးခြင်းများ၊ ရက်တိုသင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အသိအမြင်များ တိုးပွားလာစေနိုင်မည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များအားလုံးရာနှုန်းပြည့်ကျောင်းတက်စေရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် ကျောင်းနေသူများ တန်းစဉ်ကူးပြောင်းမှုရာခိုင်နှုန်းမြင့်မားရန်လိုကြောင်း၊ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း ကျောင်းတက်ရောက်နေစဉ်ကာလအတွင်း ဆရာဆရာမများနှင့် မိဘများ၏ သွန်သင်ဆုံးမပေးမှုများကြောင့် လိမ္မာရေးခြားရှိသည့် လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားလုံးက စိတ်ဝင်တစားဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ ယခုထက်ပိုမိုတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

**မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေထိုင်**

ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိနှင့် မိမိ မိသားစုအတွက် မည်သို့မျှအကျိုးမရှိသည့် ဆေးလိပ်၊ အရက်၊ ကွမ်း သုံးစွဲခြင်းများကို ရှောင်ကြဉ်ကြရန်လိုပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့် နေထိုင်သွားကြရန်လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ သွားလာနေထိုင်စားသောက်မှုမဆင်ခြင်ခြင်းများကြောင့် အချိန်မတိုင်မီ မလိုလားအပ်ဘဲ အသက်ဆုံးရှုံးရခြင်းများ မဖြစ်စေရေး ကျန်းမာရေးအသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**ပြန်လည်ထူထောင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် မူလထက်ပိုမိုကောင်းမွန်သည့် အဆောက်အအုံများ၊ လမ်းတံတားများ ဖြစ်လာရမည်၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်သည့်မြို့များကို ဖော်ဆောင်ပေးနိုင်ရမည်ဟု မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိ**ကြောင်း၊ မကြာမီကျရောက်တော့မည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် ပတ်သက်၍လည်း ယခုနှစ် အတာသင်္ကြန်ကာလကို မြန်မာရိုးရာအစဉ်အလာနှင့်အညီ အေးအေးချမ်းချမ်းဖြင့်သာ ဖြတ်သန်းကြစေလိုကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် လွတ်လပ်၍တရားမျှတသည့်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ရှိ ဟိုပုံးရေထွက်ကြီးသို့ ရောက်ရှိကြပြီး ရေထွက်နှင့်ရေကန် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေထွက်အား စနစ်တကျထိန်းသိမ်းသွားရန်လိုပြီး ရေကန်အတွင်းနှင့် ရေကန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရေထွက်ပတ်ဝန်းကျင်ဧရိယာအတွင်း သစ်ပင်သစ်တောများကို စနစ်တကျဖြင့် ထိန်းသိမ်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားကာ ရေကန်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟိုပုံးမြို့ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးသို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟိုပုံးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယအား ဖူးမြော်ကြည်ညို၍ ဘုရားကြီး ပရိဝုဏ်အတွင်းရှိ ဘုရားစေတီများ ထိခိုက်ပျက်စီးခဲ့မှုအား ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို မူလပုံစံမပျက်စေဘဲ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျကျွမ်းကျင်ပညာရှင်များနှင့်

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*

မွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများထံမှ ဩဝါဒနာယူကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီးပရိဝုဏ်အတွင်းရှိ စေတီများနှင့် သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ငလျင်ဘေးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်နှင့် တောင်၊ မြောက် စာသင်ဆောင်များတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ ကျောင်းသား ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများတွင် ထိခိုက်ပျက်စီးခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်မသုံးထပ်စာသင်ဆောင်ကြီးသည် ပညာရှင်များ၏ စစ်ဆေးတွေ့ရှိချက်များအရ ထိခိုက်ပျက်စီးမှုများပြားခဲ့ပြီး အန္တရာယ်ရှိ အဆောက်အအုံဖြစ်သဖြင့် စနစ်တကျဖြင့် ဖြိုဖျက်သွားရန်လိုကြောင်း၊ အသစ်ပြန်လည်တည်ဆောက်ရာတွင် အဆောက်အအုံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို ဦးစားပေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်လိုကြောင်း၊ အခြားထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်းရှိ အားကစားရုံတည်ဆောက်ရန် လျာထားသည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ငလျင်ဒဏ်သင့် ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဧပြီ ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီး ဒဏ်သင့် ပညာရေးဝန်ထမ်းများအတွက် အလှူရှင်များ လာရောက်လှူဒါန်းသော အစားအသောက်များနှင့် ထောက်ပံ့ငွေများကို ဦးစီးဌာနအလိုက် ပြန်လည်ဖြန့်ဝေပေးအပ်သည်။ **(အောက်ဝဲပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအတွက် အလှူရှင်များ လှူဒါန်းမှုများကို စုပေါင်း၍ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအလိုက် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲ စသဖြင့် စားသောက်ကုန်များနှင့် လူသုံးကုန်များ၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်သင့် ပညာရေး ဝန်ထမ်းများအတွက် သက်ဆိုင်ရာ ဦးစီးဌာနအလိုက် ကြီးကြပ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယာယီလျှင်ရှောင်စခန်းများနှင့် နေထိုင်ရန်တဲများ၊ ကျန်းမာရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စနစ်တကျစာရင်းဇယားများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းကိစ္စများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက စားသောက်ကုန်၊ လူသုံးကုန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ သက်ဆိုင်ရာဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်းရှိ ယာယီလျှင်ရှောင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား စားသောက်ကုန်၊ လူသုံးကုန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကလောမြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် မေ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးငလျင်ကြီး ဖြစ်ပေါ်ခဲ့စဉ် အောင်ပန်းမြို့အတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများနှင့် ကလောမြို့ သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**တာဝန်ရှိသူများအား လမ်းညွှန်မှာကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဟိုတယ်အောင်ပန်းသို့ရောက်ရှိကြပြီး ဟိုတယ်အောင်ပန်း ကူညီကယ်ဆယ်ရေး လုပ်ဆောင်မှုများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်စဉ် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်ချမ်းသာစာသင်တိုက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနဟိတကာရီကျောင်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောမြို့သို့ရောက်ရှိကြပြီး ကလောဘူတာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလောခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကလောချောင်းတစ်လျှောက် ချောင်းချဲ့ခြင်း၊ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကလောမြို့နယ် စည်ပင်သာယာရေးဌာနမှ ကလောဘူတာရှေ့တွင် မြေယာရှုခင်းအသစ် ပြုလုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းမရှိစေရေး မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောချောင်းတစ်လျှောက် ရေများ ပိတ်ဆို့နေခြင်းမရှိဘဲ စဉ်ဆက်မပြတ် စီးဆင်းမှုရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန်လိုကြောင်း၊ ချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ မရှိစေရေး အတွက်လည်း အသိပညာပေးခြင်း၊ ဒဏ်ရိုက်ခြင်းတို့ဖြင့် ကြပ်မတ် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့နေထိုင်သည့် ဒေသသာယာလှပရေးနှင့် လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် ဒေသခံများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကလောချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြေယာရှုခင်းဖော်ဆောင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောဘူတာအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာရုံအနေဖြင့် စနစ်တကျရှိရမည်ဖြစ်ပြီး ခြံစည်းရိုးကာရံထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဘူတာရုံအဝန်းအဝိုင်းအတွင်း မီးရထားဝန်ထမ်းများနှင့် ရထားစီးခရီးသည်များသာ ရှိရမည်ဖြစ်ပြီး စနစ်ကျနပြီး သန့်ရှင်းသပ်ရပ်မှုရှိသည့် ဘူတာရုံဖြစ်ရန်လိုကြောင်း၊ ဘူတာရုံသမိုင်း မှတ်တမ်းဓာတ်ပုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်းခင်းကျင်း ပြသထားရှိရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်မှုရှိစေရေး ချောင်းချဲ့ခြင်းနှင့် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

# မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့် ပတ်သက်၍ ကာဇက်စတန်နိုင်ငံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ကာဇက်စတန်နိုင်ငံ သမ္မတ H.E. Mr. Kassym– Jomart Tokayev က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သောဝမ်းနည်းဖွယ် ငလျင်သတင်းကို ကြားသိရသည်မှာ များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများအတွက် ဝမ်းနည်းမိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံစည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**အဆွေတော်၊**

မိမိအနေဖြင့် မြန်မာနိုင်ငံသားများစွာ အသက်ဆုံးရှုံးခဲ့ရသည့် အဆွေတော်တို့နိုင်ငံ၌ ဖြစ်ပွားခဲ့သော ဝမ်းနည်းဖွယ်ငလျင်သတင်းကို ကြားသိရှိရသည်မှာ များစွာစိတ်မကောင်းဖြစ်ရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလတွင် ချစ်ခင်ရသူများ ဆုံးရှုံးရသည့် မိသားစုများ၊ မြန်မာပြည်သူများကို ဝမ်းနည်းကြောင်းကို ဖော်ပြလိုပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရသူများ ဆောလျင်စွာ ပြန်လည်ကောင်းမွန်ပြီး မိသားစုနှင့် ဘေးအန္တရာယ်ကင်းစွာ ပြန်လည်ဆုံစည်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝမ်းနည်းခြင်းများစွာဖြင့်**

**ကာဆန်းရှုန်မာ သိုးလ်ကာယဲပ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြန်ကြားရေးဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများနှင့် ဝန်ထမ်းများ ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ ငလျင်ကြောင့် တချို့ဌာနများတွင် ထိခိုက်သေဆုံးမှုနှင့် အဆောက်အအုံများပျက်စီးဆုံးရှုံးမှုများပြားခဲ့သော်လည်း မိမိတို့ဌာနအနေဖြင့် ထိခိုက်သေဆုံးမှုနည်းပါးခဲ့သည်မှာ အဆိုးထဲမှ အကောင်းဟု ယူဆနိုင်ပြီး စိတ်အားတင်းရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်သူလူထုနှင့် ဝန်ထမ်းများထံ သတင်းမှားများ မရောက်ရှိစေရန် အရေးကြီးသည့်အတွက် မိမိတို့ နိုင်ငံပိုင်မီဒီယာများ၊ အွန်လိုင်းတို့မှတစ်ဆင့် သတင်းမှန်များ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးရမည်ဖြစ်ကြောင်း။

ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် မိမိတို့နေရပ်များသို့ ပြန်လည် နေထိုင်နေကြသည့် ဝန်ထမ်းများရှိသကဲ့သို့ လုပ်ငန်းတာဝန်များကို ပုံမှန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများလည်း ရှိကြောင်း၊ ထို့ကြောင့် သင်္ကြန်ပိတ်ရက်များအပြီးတွင် ဝန်ထမ်းများအားလုံး မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်ကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြရသူများဖြစ်သည့်အတွက် အားလုံးထက်ပို၍ စိတ်ဓာတ်သန်မာရန် လိုအပ်ကြောင်းနှင့် ပြည်သူများ၊ အခြားဝန်ထမ်းများအား စိတ်ခွန်အားပေးရင်း မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံးနှင့်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း (**အပေါ်ယာပုံ**)၊ ဒုတိယဝန်ကြီးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။

မွန်းလွဲပိုင်းကလည်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်း ဦးဆောင်သည့်အဖွဲ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများအတွက် စားသုံးဆီဘူး ၁၂၀၀ ကို လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဒဏ်သင့် ဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်းရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံအားပေးကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

မေ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ သစ်တောဦးစီးဌာန ခရိုင်ရုံးနှင့် မြို့နယ်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ၊ ပျော်ဘွယ်မြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မြို့နယ် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ၊ မိတ္ထီလာမြို့ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ရှိ မြို့မပျိုးဥယျာဉ်အတွင်း အထူးစိမ်း၊ တစ်ရွာနှစ်ဧက ကျေးရွာစိုက်ခင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် ပျိုးပင်ပေါင်း ၁၃၀၀၀၀ ကျော်ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



ထို့နောက် သစ်တောဦးစီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနများ၏ ခရိုင်ရုံး အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း တိုင်းရုံး အဆောက်အအုံ၊ ဧည့်ရိပ်သာနှင့် ဝန်ထမ်းနေအိမ်များနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တိုင်းရုံး အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် သတ္တုတွင်းဦးစီးဌာနများ၏ တိုင်းတာဝန်ခံရုံး အဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ သစ်တောဦးစီးဌာန ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းနေအိမ်များကို လည်းကောင်း၊ မြို့နယ်သစ်တောရုံးနှင့် ဝန်ထမ်းနေအိမ်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီး (မြို့မ)ပျိုးဥယျာဉ်အတွင်း လူထုဖြန့်စိုက်ပျိုးရန် ပျိုးပင်တစ်သိန်းကျော် ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ်ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံနှင့် ဂိုဒေါင်များ၊ ဝန်ထမ်းနေအိမ်များ၏ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်ရုံး စန္ဒကူးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ဝန်ထမ်းမိသားစုများနှင့် ငလျင်ဒဏ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်စဉ်။

*၁ကျောဖုံးမှ*

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့် အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင်ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ မြေငလျင်လှုပ်ခတ်ခြင်း၏ နောက်ဆက်တွဲအဖြစ် ယနေ့အချိန်အထိ ၁၁၂ ကြိမ် လှုပ်ခတ်ခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ မြေငလျင်လှုပ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝန်းတွင် လူနေအိမ်စုစုပေါင်း ခြောက်သောင်းကျော်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၅၁၄ ကျောင်း၊ စာသင် ကျောင်း ၂၃၆၆ ကျောင်း၊ ဌာနဆိုင်ရာရုံး/ အဆောက်အအုံ ၃၆၇၈ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထို့ပြင် တံတားပေါင်း ၁၅၅ စင်း၊ ဘုရားစေတီ ၅၆၂၀ ဆူ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းအထိ သေဆုံးသူ ဦးရေ ၃၆၄၉ ဦး၊ ဒဏ်ရာရရှိသူဦးရေ ၅၀၁၈ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၁၄၅ ဦးရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ မေ ၉ ရက်အထိ မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံတကာမှ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များအနေဖြင့် လူဦးရေ ၆၅၃ ဦးအား အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးတို့အား ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း။

**ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေး**

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များဖြင့် ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာမှ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေး ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေး အထောက်အကူပြု အဖွဲ့များနှင့် ဆေးအဖွဲ့များကို စေလွှတ်ပြီး ဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရနှင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအနေဖြင့်လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ကြရသည့် ပြည်သူများကိုလည်း သွားရောက်တွေ့ဆုံပြီး စိတ်ဓာတ်ခွန်အားပေး၍ လိုအပ်သောကူညီထောက်ပံ့ပေးမှုများနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကူညီထောက်ပံ့ရေးအဖွဲ့များ၊ ဆေးအဖွဲ့များ၊ Structure Engineer အဖွဲ့များပါဝင်သည့် စုစုပေါင်း အင်အား ၅၅ ဦးတို့သည် ခေတ်မီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာအမျိုးအစား ၆၉ မျိုးတို့နှင့်အတူ ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီအချိန် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရကြောင်း။

“ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ပြိုကျအဆောက်အအုံအတွင်း ပိတ်မိ / ပိမိသူများ၊ အသက်ရှင်နေသူများနှင့် သေဆုံးနေသူများကို ရှာဖွေနိုင်ကယ်ထုတ်နိုင်ရုံသာမက ထပ်မံပြိုကျနိုင်သည့် အဆောက်အအုံအခြေအနေများကိုလည်း အကြံပြုကူညီပေးခဲ့သဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများ များစွာရရှိခဲ့ ”

**ကျန်းမာရေးစောင့်ရှောက်မှု**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Colonel Nasir ဦးဆောင်သည့်ဆေးအဖွဲ့ကလည်း ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိချိန်မှစ၍ ဧပြီ ၃ ရက်အထိ နေပြည်တော် ကလေးအထူးကုဆေးရုံကြီးတွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ဧပြီ ၄ ရက်မှစ၍ ဇမ္ဗူသီရိမြို့နယ် ဆေးရုံတွင် အခြေပြု၍လည်းကောင်း၊ ပျဉ်းမနားမြို့နယ်တွင်လည်း ရွှေ့လျားဆေးခန်းအနေဖြင့်လည်းကောင်း၊ ပြည်သူ့ဆေးရုံ၊ လယ်ဝေးမြို့နှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင်လည်း ခွဲစိတ်ကုသမှုများ၌လည်းကောင်း မြန်မာနိုင်ငံမှ အရေးပေါ်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အကြီးစားခွဲစိတ်မှု လေးခုအပါအဝင် လူနာပေါင်း ၅၂၇ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်ကို တွေ့ရကြောင်း။

အလားတူ Colonel Shamim Iftakhar ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေး အဖွဲ့အနေဖြင့် ၂၀၂၅ ခုနှစ် ဧပြီ ၃ ရက်တွင်လည်း ငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၁၃၃၈ တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့နှင့်ပူးပေါင်းပြီး အဆောက်အအုံအတွင်း ပိတ်မိ/ ပိမိနေသည့် ပျောက်ဆုံးနေသူအား ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ အဆိုပါနေရာတွင် သေဆုံးသူတစ်ဦးကို တွေ့ရှိရသည့် အတွက် နံရံနှင့် ကွန်ကရစ်ကြမ်းခင်းပြားများကို ခက်ခက်ခဲခဲ ထိုးခွဲဖွင့်ဖောက် ဖြတ်တောက်ပြီး သေဆုံးသူ၏ အသက်မဲ့ခန္ဓာကိုယ်ကို ထုတ်ယူပေးနိုင်ခဲ့သည့်အတွက် မိသားစုများကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ဧပြီ ၄ ရက် နံနက်ပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အင်ဂျင်နီယာအဖွဲ့အနေဖြင့် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း (နေပြည်တော်) အဆောက်အအုံ၏ အန္တရာယ်ရှိသည့်အစိတ်အပိုင်းများ ရှင်းလင်းဖြိုချဖျက်ဆီးခြင်းကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်အကြံဉာဏ်များပေးခဲ့မှုကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**အကျိုးကျေးဇူး များစွာရရှိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် နီပေါနိုင်ငံနှင့် တူကီယဲနိုင်ငံတို့တွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှု ဖြစ်စဉ်များတွင် သွားရောက်ကူညီပေးခဲ့ကြသည့် အတွေ့အကြုံကောင်းများစွာရှိသည့် အဖွဲ့တစ်ခုဖြစ်သည်ကိုလည်း သိရှိရကြောင်း၊ အဆိုပါ အတွေ့အကြုံများဖြင့် ပြိုကျအဆောက်အအုံ အတွင်း ပိတ်မိ/ ပိမိသူများ၊ အသက်ရှင်နေသူများနှင့် သေဆုံးနေသူများကို ရှာဖွေနိုင် ကယ်ထုတ်နိုင်ရုံသာမက ထပ်မံပြိုကျနိုင်သည့် အဆောက်အအုံ အခြေအနေများကိုလည်း အကြံပြုကူညီပေးခဲ့သဖြင့် မိမိတို့အတွက် အကျိုးကျေးဇူးများ များစွာရရှိခဲ့ပါကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးဘက်ဆိုင်ရာ ကုသမှုပေးနိုင်သည့် အတွေ့အကြုံရင့်ကျက်သည့် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံကို လာရောက်ကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် များစွာအားရကျေနပ်မိပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ယခုကဲ့သို့ အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း ပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှ မရှိဘဲ လူသားချင်းစာနာထောက်ထားမှု စိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခ ရောက်ရှိကြရသည့် ပြည်သူများအပေါ် အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းတို့အတွက် စေလွှတ်ပေးခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ လာရောက်ကူညီ ကယ်ဆယ်ပေးခဲ့ကြသည့် Colonel Shamim Iftakhar နှင့် Colonel Nasir တို့ ဦးဆောင်သည့် ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain နှင့် သံရုံးအဖွဲ့ဝင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအဖွဲ့ကိုယ်စား၊ အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား၊ ငလျင်ဘေးဒဏ်ခံစားရသောပြည်သူများနှင့် မိသားစုများကိုယ်စား အထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများ အားလုံးက ကူညီ ဆောင်ရွက်ပေးခဲ့မှုများအတွက် အမြဲပင်အမှတ်ရနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မေ ၁၁ ရက်တွင် ရန်ကုန်မြို့သို့ မြန်မာနိုင်ငံနှင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်မည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ရေယာဉ် တစ်စင်းနှင့်အတူ မေ ၁၃ ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်

**နေပြည်တော် မေ ၁၀**

ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။



အဆိုပါအစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးက အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ၏ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အကာအကွယ်ပေးနိုင်မည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ် မေ ၂ ရက်တွင် ကြေညာခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ အပြန်အလှန်အခွန်စည်းကြပ်မှုအစီအစဉ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် ယင်းအခွန်စည်းကြပ်မှုများ၏အကျိုးသက်ရောက်မှု၊ အာဆီယံ၏ မဟာဗျူဟာများနှင့် စုပေါင်းတုံ့ပြန်မှုများနှင့်အတူ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အာဆီယံပထဝီစီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဖွဲ့စည်းရေးတို့အပေါ် ဆွေးနွေးကြသည်။ အဆိုပါလုပ်ငန်းအဖွဲ့သည် ဒေသတွင်းမျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့်စိန်ခေါ်မှုများကို အာဆီယံနိုင်ငံများ၏ စုပေါင်းအားဖြင့် ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက် နည်းလမ်းများကိုလည်း ဖော်ထုတ်သွားရန်ဖြစ်သည်။ ထို့နောက် အစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးဆုံးရှုံးမှုများအတွက် ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးမှု၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ အာဆီယံ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများနှင့် အာဆီယံ- အမေရိကန် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ်ဆွေးနွေးခဲ့ပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုဖြင့် ဒေသတွင်း၏အကျိုးစီးပွားကို ကာကွယ်နိုင်ပြီး ပြောင်းလဲနေသည့်ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အခွင့်အလမ်းများ ရယူနိုင်မည်ဖြစ်ကြောင်းလည်း အလေးပေးဆွေးနွေးသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပို့ကုန်များဖြစ်သည့် CMP နှင့် လယ်ယာပို့ကုန်များအပေါ် ထိခိုက်နိုင်မှုနှင့် လုပ်သား၊ အလုပ်အကိုင်များအပေါ် ထိခိုက်နိုင်မှု အနည်းဆုံးဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာအရာရှိများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး မန္တလေး ငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး အားပေးစကားပြောကြား

**မန္တလေး မေ ၁၀**

ဥပဒေရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မန္တလေးငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုများအား ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းနှင့် အားပေးစကားပြောကြားခြင်းတို့ကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ပြုလုပ်သည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လူနေအိမ်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာ မိမိတို့၏ ဥပဒေရုံးအဆင့်ဆင့်နှင့် ဝန်ထမ်းအိမ်ရာများ၊ လူနေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းစာရင်း ကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပြီး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါမန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့် ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းများနှင့်မိသားစုဝင်များ လတ်တလောအဆင်ပြေစေရန် ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြမှု၊ ကြောက်ရွံ့ထိတ်လန့်မှုများကို ခေတ္တဖယ်ရှား၍ စိတ်ဓာတ်များ ပြန်လည်မြှင့်တင်ပူးပေါင်းဆောင်ရွက်ကြပါရန်၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရုံးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေး ကြိုးစားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ ဝန်ထမ်းနှင့်မိသားစုများ လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလှူရှင်များ လှူဒါန်းသည့် Disaster Kid Box ပုံး ၁၀၀၊ ဆေးရည်စိမ်ခြင်ထောင် အလုံး ၂၀၀၊ ဆန်၊ ဆီ၊ ကြက်ဥကတ်များနှင့် အသင့်စားခေါက်ဆွဲထုပ်များအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ငလျင်ဒဏ်သင့် ပျက်စီးဆုံးရှုံးသည့်ရုံးများ၊ အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ဝန်ထမ်းနှင့် မိသားစုဝင်များအား အားပေးစကား ပြောကြားပြီး မိုးလုံ၊ လေလုံအောက် အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုက်လတ်မြို့နယ် ပန်သပွတ်မြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပ



**ကျိုက်လတ် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပန်သပွတ်မြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၅) ရပ်ကွက် မငေးဘုန်းတော်ကြီးကျောင်းရှေ့၌ ပြုလုပ်သည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်၍ ပန်သပွတ်မြစ်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုရာတွင် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၂၅၀၀ နှင့် ငါးခုံးမငါးသားပေါက်ကောင်ရေ ၂၅၀၀ တို့ကို ဇီဝိတဒါန ငါးလွှတ်ကုသိုလ်စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့စိတ်ရင်း၊ မြန်မာ့ရှုခင်းနှင့် ကြင်နာချစ်ခြင်း သံခင်းတမန်ခင်း

မော်ဇေ (MOFA)

ပူပြင်းလှတဲ့အပူရှိန်အောက်မှာ ကမ္ဘာမြေကြီး တုန်ခါဟည်းခဲ့ပြီး ဘဝ၊ ဘဝတွေကို ဇောက်ထိုး မိုးမျှော်ဖြစ်စေခဲ့တဲ့ နွေနေ့လယ်ခင်းတစ်ခု။

အတိအကျဆိုရရင် မတ်လ ၂၈ ရက်၊ မွန်းလွဲ။

အဲဒီအချိန်တုန်းက ကျွန်မဟာ မကြာမီ ကျရောက်တော့မယ့် မြန်မာ့ရိုးရာ အတာနှစ်ကူး သင်္ကြန်တန်ခူးပွဲတော်ဆင်နွှဲနိုင်ရေး တိုင်ပင် ဆွေးနွေးကြဖို့ လုပ်ဖော်ကိုင်ဖက်အချို့နဲ့အတူ ကျွန်မတို့ရုံး နှစ်ထပ်ဆောင် မြေညီထပ်ရုံးခန်း တစ်ခုမှာ ရောက်ရှိနေခဲ့ပါတယ်။ ကျွန်မနဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ရပ်တချို့၊ ထိုင်တချို့ စကား ပြောဆိုနေကြစဉ်မှာပဲ လျှင်က သိမ့်ခနဲ စတင် လှုပ်ခတ်လာပါတယ်။ အစပိုင်းမှာ သစ်သားစားပွဲ ခုံကြီးတွေကြားထိုင်ချပြီး အကာအကွယ် ယူလိုက် ပေမယ့် ပိုလို့ပိုလို့ ပြင်းပြင်းထန်ထန် လှုပ်ယမ်းလာ တာကြောင့် ကြမ်းပေါ်လိမ့်ပြေးနေတဲ့ ရေဘူးကြီး တွေ၊ စာရေးကိရိယာတွေကြားကနေပဲ အခန်းထဲမှ မနည်းပြေးထွက်ခဲ့ရပါတယ်။ အဆောက်အအုံအပြင် ထွက်တဲ့ တံခါးပေါက်အလွန်မှာ မိန်းကလေးတစ်ဦး ခြေထောက်ကျိုးပြီး လဲကျလို့နေတာကို ပြေးပွေ့ ထူမထားကြပါတယ်။ လျှင်က ရပ်မသွားဘဲ ပိုပြီး ကြမ်းကြမ်းတမ်းတမ်း ဆွဲခါလှုပ်ယမ်းနေတာမို့ အထပ်မြင့်က ကွန်ကရစ်တုံးတွေ ပြိုကျမလာနိုင် မယ့် နေရာလွတ်ကို ရှာဖွေနေရတဲ့ တစ်ချိန်တည်း မှာပဲ တစ်ဖက်ခြမ်းမှာ မြင်နေရတဲ့ သုံးထပ်ဆောင် ရုံးမကြီးရဲ့နံရံတွေပွင့်ထွက်ပြိုကျနေတာကို အထိတ် တလန့် မြင်တွေ့ခဲ့ရပါတယ်။

အဲဒီအချိန်ပေါ်လာတဲ့ တစ်ခုတည်းသောစိတ်က အထပ်မြင့် အိမ်မှာကျန်ခဲ့တဲ့ အိုမင်းမစွမ်း အဖေနဲ့ အမေ ဘေးကင်းကြရဲ့လား ဆိုတာပါပဲ။ လျှင်က မရပ်မနားလှုပ်ခတ်နေဆဲမှာပဲ ရပ်တည်ရာ တစ် နေရာကို ခြေချမိပြီဆိုတာနဲ့ ဖုန်းခလုတ်တွေကို အလောတကြီးနှိပ်ပြီး အိမ်ကို ဆက်သွယ်နေပေမယ့် လည်း အဆက်အသွယ်မရတဲ့အခါ ပူပန်ဖိစီးရတဲ့ စိတ်က မျက်ရည်အဖြစ် စီးကျလာခဲ့ပါတယ်။ ဒါကတော့ လျှင်ကြီးနဲ့ ကြုံတွေ့ရချင်း တဒင်္ဂ အဖြစ်အပျက်လေးပါ။

ဘေးအန္တရာယ်မှ လွတ်မြောက်လာပြီးတဲ့ နောက် မြို့အနှံ့မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့ ပျက်စီးမှုတွေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော် က ရွှေဘိုမြို့မှာ နေထိုင်ခဲ့စဉ် ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိတဲ့ ရွှေဘိုလျှင်နဲ့ ကြုံကြိုက်ခဲ့ဖူးတဲ့ ကျွန်မ အတွက်တောင် တစ်သက်တာမှာ တစ်ခါမှ မကြုံခဲ့ ဖူးတဲ့ အတိုင်းအဆ ပမာဏ ဖြစ်နေခဲ့ပါတယ်။



အိန္ဒိယကယ်ဆယ်ရေးအဖွဲ့နှင့်အတူလိုက်ပြီး စကားပြန်လုပ်ပေးနေသည့် မနန်းဒေဝီ။ STUN

ယခု လှုပ်ခတ်ခဲ့တဲ့အင်အားပြင်း မန္တလေးလျှင် ကြီးကြောင့် သမိုင်းအမွေအနှစ် တံတားတွေ၊ အဆောက်အအုံတွေ တဝေါဝေါ ပြိုကျစေခဲ့ပါ တယ်။ အထပ်မြင့် ကွန်ဒိုကြီးတွေ၊ တိုက်တာအိမ်ရာ တွေကနေ နေ့ချင်းညချင်း အုတ်ခဲပုံကြီးတွေအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ပြိုကျပျက်စီးမှုတွေကြား မှာ သက်ကြီးဝါကြီး ဆရာတော်ကြီးတွေ၊ စာဖြေ ကိုယ်တော်တွေ ပျံလွန်တော်မူတဲ့အကြောင်းကို ဖြေမဆည်နိုင်ဖွယ် ကြားသိခဲ့ရပါတယ်။ လုံခြုံစိတ်ချ ရဆုံး ခိုလှုံရာရယ်လို့ တစ်သက်လုံး မှတ်ယူထားကြ တဲ့ ကိုယ့်အသိုက်အမြုံ ကိုယ့်အိမ်လေးတွေထဲမှာပဲ မိသားစုလိုက် ပိတ်မိသေဆုံးသွားကြသူတွေ၊ မိနစ် ပိုင်းလေးအတွင်းမှာပဲ မိဘမဲ့သွားရသူလေးတွေ၊ ရင်နှစ်သည်းချာ သားသမီးတွေကို အရှူးတစ်ပိုင်း ရှာဖွေနေကြတဲ့ မိခင်၊ ဖခင်တို့ရဲ့ ပူပန်သောကတွေ၊ တစ်မိသားစုလုံးမှာ တစ်ယောက်တည်းသာ ကျန်ခဲ့ရ သူတို့ရဲ့ ပဋ္ဌာမြေလူး ရင်နင့်စဖွယ်ဖြစ်ရပ်တွေ၊ ပိုင်ဆိုင်သမျှအားလုံးဆုံးရှုံးလို့ နေ့ချင်းညချင်း လမ်းဘေးရောက်ပြီး ဘဝပျောက်သွားကြသူတွေရဲ့ အဖြစ်တွေများစွာကို ရင်ထုမနာ ကြားသိရပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ ဖိတ်ခေါ်မှုနဲ့အတူ ကမ္ဘာအနှံ့အပြားက နိုင်ငံတကာရှာဖွေ ကယ်ဆယ် ရေးအဖွဲ့ (Urban Search and Rescue Team–US&R) အများအပြားဟာ သဘာဝဘေးဒဏ်သင့် သူတွေကိုဖေးမကူနိုင်ဖို့နဲ့ ပိတ်မိနေသူတွေကို ရှာဖွေ ကယ်ထုတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံကို အလျှင်အမြန် ဝင်ရောက်လာကြပါတယ်။ ဘယ်လာရုစ်၊ ဘူတန်၊ တရုတ် (ဟောင်ကောင်နဲ့ ယူနန်အပါအဝင်)၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ တူကီယဲ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ဗီယက်နမ် အစရှိတဲ့ နိုင်ငံ တွေက အစိုးရနဲ့ အစိုးရမဟုတ်တဲ့ ရှာဖွေကယ်ဆယ် ရေးအဖွဲ့၊ ဆေးကုသမှုအဖွဲ့တွေဟာ ခေတ်မီကူညီ ကယ်ဆယ်ရေးပစ္စည်းကိရိယာ အပြည့်အစုံ သယ်ဆောင်ပြီး ရောက်ရှိလာကြပါတယ်။ ပြည်တွင်းမှာရှိတဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင် တွေနဲ့ ပရဟိတ ရှာဖွေကယ်ဆယ်ရေး အဖွဲ့တွေနဲ့ အတူ လျှင်ဘေးပြီးလျှင်ပြီးချင်း သက်စွန့်ကြိုးပမ်း နဲ့ မရပ်မနား ရှာဖွေကယ်ဆယ်မှုများကို ပူးပေါင်း အကူအညီပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေရဲ့ Golden 72 hours rule အရ ဖြစ်ပွားအပြီး ၇၂ နာရီအတွင်း ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နိုင်ရင် အသက်ရှင် နေသူတွေကို အချိန်မီကယ်ထုတ်နိုင်ခြေ မြင့်မား တာဖြစ်လို့ အဲဒီအဖွဲ့တွေဟာ လျှင်ဒဏ်အဓိက ခံစားခဲ့ရတဲ့ နေပြည်တော်၊ မန္တလေးနဲ့ စစ်ကိုင်းမြို့ တွေဆီ ခရီးရောက်မဆိုက်ပင် ချက်ချင်းဖြန့်ကြက် သွားရောက်ပြီး လုပ်ငန်းတွေ စတင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း လျှင်စတင်လှုပ်ခဲ့တဲ့ မတ်လ ၂၈ ရက်ကနေ ဧပြီလ ၈ ရက်အတွင်းမှာ နိုင်ငံတကာ အရေးပေါ် ကူညီကယ်ဆယ်ရေးအဖွဲ့တွေဟာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး လူပေါင်း ၆၅၃ ဦးကို အပျက်အစီးတွေအောက်မှ အသက်ရှင်လျက် ကယ်ဆယ်ပေးနိုင်ခဲ့ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့လည်း လျှင်ကြီး အပြီး အုတ်ခဲပုံ၊ ပြာပုံနဲ့ ဖုန်မှုန့်တွေကြားကနေ ကိုယ်စီနဲ့မိသားစုတွေအတွက် ရတက်မအေး သောကပွေနေရတဲ့တိုင် နိုင်ငံတကာမှ လာရောက် ကြတဲ့ ကူညီကယ်ဆယ်ရေးအဖွဲ့တွေအပေါ် မြန်မာ တို့ရဲ့ အစဉ်အလာဖော်ရွေမှု၊ ကြင်နာမှု၊ ညှို့ဝတ် ကျေပွန်တတ်မှုနဲ့ ရိုးဂုဏ်တို့ကို မပျက်ယွင်းစေခဲ့ ပါဘူး။ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေ အနေနဲ့ မြန်မာပြည်သူတွေရဲ့ ကျေးဇူးတင်တတ်၊ ကျေးဇူးဆပ်လိုကြတဲ့ စိတ်ရင်းစစ်စစ်မှန်မှန် ကိုသာမက ရိုးသားဖော်ရွေ ပျူငှာတတ်ကြပုံတွေကို အံ့သြဘနန်း ထုတ်ဖော်ပြောကြားခဲ့ကြသလို၊ သူတို့ ရဲ့ ဗီဒီယိုကင်မရာတွေနဲ့ မှတ်တမ်းရိုက်ယူကြတာ၊ လူမှုကွန်ရက်တွေမှာ မျှဝေကြတာကို တွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။

လူမှုကွန်ရက်တွေပေါ်က ဖြစ်စဉ်အချို့ကို လူ အများ သိကြမှာပဲဖြစ်ပါတယ်။ ဈေးဝယ်ထွက်ကြတဲ့ ဗီယက်နမ်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ကို အသီး အရွက်သည် မြန်မာအမျိုးသမီးကြီးက ကျေးဇူးတင် စိတ်နဲ့ ကျွေးမွေးချင်တာကြောင့် ကျသင့်ငွေကို မယူလိုဘဲ ငြင်းဆန်နေတဲ့ ဖြစ်ရပ်ဗီဒီယိုဖိုင်လေးက နိုင်ငံတကာပရိသတ်တွေကြားမှာ လူသိများ(viral) ခဲ့ပါတယ်။ ဗီယက်နမ်ရဲဘော်လေးက မြန်မာအမျိုး သမီးကြီးကို မြန်မာနဲ့ ဗီယက်နမ်ဆိုတာ မိသားစုဝင် တွေ ဖြစ်တာမို့ အခက်အခဲတွေကို အတူရင်ဆိုင်ရမှာ ပေါ့ဆိုပြီး အားမငယ်ဖို့ ချော့မော့ကာ အားပေး နေပုံလေးဟာ မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံအကြား အစွန့်ရှည်ကြာ တည်ရှိနေခဲ့တဲ့ မိတ်ရင်းဆွေချာ ဆက်ဆံရေးကို အကောင်းဆုံး ထင်ဟပ်စေခဲ့ ပါတယ်။

ဗီယက်နမ်ကယ်ဆယ်ရေး အဖွဲ့တွေနည်းတူပဲ အခြားနိုင်ငံတကာက ကယ်ဆယ်ရေးအဖွဲ့တွေ အနေနဲ့လည်း သူတို့ဈေးဝယ်ထွက်ကြတဲ့အချိန်မှာ ဆိုင်ကြီး၊ ဆိုင်ငယ်မဟူ မြန်မာဆိုင်ရှင်တွေက ကျသင့်ငွေယူဖို့ငြင်းဆန်ပြီး လက်ဆောင်အဖြစ် ပေးလိုကြတာ၊ ဘေးမှာရပ်ကြည့်နေတဲ့ မြန်မာ ပြည်သူတွေက ဖွတ်ဝင်ပြီး ငွေရှင်းပေးကြတာတွေကို ကြုံကြရတဲ့ အကြောင်းပြန်ပြောင်း ပြောပြကြပါ တယ်။ ကုလသမဂ္ဂတာဝန်နဲ့ ကမ္ဘာ့နိုင်ငံ အနှံ့အပြား ကို ရောက်ခဲ့ဖူးတဲ့ နိုင်ငံခြားသားကယ်ဆယ်ရေး တပ်ဖွဲ့ဝင် အချို့ကလည်း ဒါမျိုးဟာ မြန်မာနိုင်ငံမှာပဲ ကြုံတွေ့ဖူးတာပါလို့ တပြုံးပြုံးနဲ့ ပြောမဆုံးဖြစ်နေ ကြတာကို မျက်မြင်တွေ့ခဲ့ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံသားတွေရဲ့ စိတ်ထားကောင်းမှုနဲ့ ရက်ရောမှု မှတ်ကျောက်ဖြစ်သလို ရှာဖွေ ကယ်ဆယ် ရေးတာဝန်ကို ကိုယ်နိုင်တဲ့ဘက်က တစ်တပ် တစ်အား ပါဝင်ထမ်းဆောင်တာလည်း ဖြစ်ပါတယ် လို့ ကျွန်မက ဖြည့်စွက်ရှင်းပြပေးခဲ့ပါတယ်။

အလားတူ မြန်မာပြည်ရဲ့ နွေနေပူဒဏ်ကို မခံ နိုင်ကြတဲ့ နိုင်ငံတကာက ကယ်ဆယ်ရေး တပ်ဖွဲ့ဝင် တွေကို မြန်မာ့သနပ်ခါးတုံးကြီး တရွှမ်းရွှမ်းသွေးလို့

စာမျက်နှာ ၁၁ သို့

❝ ဒစ်ဂျစ်တယ်ခေတ်မှာ လူမှုကွန်ရက်တွေကတစ်ဆင့် သတင်းစီးဆင်းမှု အလွန်မြန်ဆန်တာကြောင့် နိုင်ငံတွေအကြား သံခင်းတမန်ခင်းနဲ့ ပူးပေါင်း ဆောင်ရွက်မှုတွေမှာ အစိုးရမဟုတ်တဲ့ လူပုဂ္ဂိုလ်နဲ့အဖွဲ့အစည်းတွေ (Non-state Actors) က လွယ်ကူတက်ကြွစွာ ပူးပေါင်းပါဝင်လာနိုင် ကြပါတယ်။ အခုလို အကျပ်အတည်းကာလအတွင်းမှာ လူသားဆန်မှုဟာ အထိရောက်ဆုံး သံခင်းတမန်ခင်း ဖြစ်လာခဲ့ပါတယ်။ နိုင်ငံသားတစ်ဦးချင်းစီ ရဲ့ စိတ်ရင်းစေတနာ၊ သဒ္ဓါတရားနဲ့ စိတ်ရင်းအတိုင်း ဆောင်ရွက်မှုတိုင်းဟာ နိုင်ငံရဲ့ပုံရိပ်ကောင်းကို ဖန်တီးပုံဖော်နေခြင်းပဲ ဖြစ်ပါတယ် ❞

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ဝန်ထမ်းများနှင့် လူနာများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) သို့ သွားရောက်၍ ကျန်းမာရေးဝန်ထမ်းများနှင့် ငလျင်ဘေးဒဏ်သင့်လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဦးစွာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)ရှိ ဦးနှောက်နှင့် အာရုံကြောကုသဆောင်နှင့် အရိုးကုသဆောင်တို့၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများနှင့် နေထိုင်စားသောက်နေမှုအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ ဓာတ်ဆားရည်၊ ဒိန်ချဉ်နှင့် အသင့်စားခေါက်ဆွဲဘူးများ ပေးအပ်လှူဒါန်းသည်။

ယနေ့တွင် ကောင်စီအဖွဲ့ဝင်သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် စုစုပေါင်း ဆန်အိတ် ၁၂၀၊ အာလူးပိဿာ ၄၀၀၊ ခရမ်းချဉ်သီး ပိဿာ ၂၀၀၊ ကြက်ဥအလုံး ၁၂၀၀၊ ခေါက်ဆွဲခြောက်လေးဖာ၊ ဒိန်ချဉ်၊ ဓာတ်ဆားရည်များနှင့် ဆေးရုံတက်ရောက်နေသော လူနာဦးရေ ၁၅၀၀ အတွက် နေ့လယ်စာ လှူဒါန်းငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ယာယီတည်းခိုရေးစခန်းများတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၀**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့် ပြည်သူများနှင့် ဝန်ထမ်းမိသားစုများနေထိုင်နိုင်ရန် ယာယီတည်းခိုရေးစခန်းများ တည်ဆောက်နေမှုနှင့် ဝင်ရောက်နေထိုင်မှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်တို့ရှိ ယာယီ တည်းခိုရေးစခန်းများတွင် ဘေးသင့်သူများ အဆင်ပြေချောမွေ့စွာ နေထိုင်နိုင်ရေး၊ လျှပ်စစ်မီး၊ ဆိုလာမီး၊ သောက်ရေသန့်၊ သုံးရေ၊ ချိုးရေ၊ သန့်စင်ခန်းများ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးဆေးပေးခန်း၊ စားဖိုဆောင်များနှင့် အခြားလိုအပ်သည်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ ယာယီနေထိုင်နိုင်ရန်အတွက် လိုအပ်သလောက် မိုးကာတဲများကို မြန်ဆန်စွာ တည်ဆောက် နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ ယာယီတည်းခိုရေးစခန်းများအားလုံးတွင် လိုအပ်သည့် ရေ၊ မီးနှင့် သန့်စင်ခန်းများကိုလည်း ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ထားရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆေးပေးခန်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးများ လုံလောက်စွာ စီမံဆောင်ရွက်ထားရှိမည်ဖြစ်ကြောင်း၊ ယခု ယာယီတည်းခိုရေးစခန်းများတွင် ရေရှည်နေထိုင်ရန် မဖြစ်နိုင်သည့်အတွက် ပြန်လည် နေထိုင်နိုင်သည်ဟု စစ်ဆေးရေးအဖွဲ့က သတ်မှတ်သော မူလနေအိမ်တိုက်ခန်းများ၌ ပြန်လည်နေထိုင်ကြမည့် ဝန်ထမ်းမိသားစုများမှလွဲ၍ ပြုပြင်/အသစ်တည်ဆောက်ရမည့် နေအိမ်တိုက်ခန်းများ၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများကို မိုးမကျမီ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများအလိုက် လုံခြုံမှုရှိပြီး သက်သာချောင်ချိစွာ နေထိုင်နိုင်မည့် ယာယီဘာရာများ တည်ဆောက်၍ ပြောင်းရွှေ့နေရာချထားပေးသွားမည်ဖြစ်ကြောင်းနှင့် အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက် ကြစေလိုကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံရေးပါတီ ၂၅ ပါတီမှ အလှူငွေကျပ် သိန်း ၁၀၀ နှင့် ပြည်ပရောက် မြန်မာနိုင်ငံသား စေတနာရှင်အလှူရှင်များက ၁၅၉ ဒသမ ၆ သိန်းတို့ကိုသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ လာရောက်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငါးသိုင်းချောင်းမြို့၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်

**ငါးသိုင်းချောင်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနတွင် အသက် ၇၀ နှင့်အထက် ဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၏ ဦးဆောင်မှုဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဒေါက်တာ သန့်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား သွေးပေါင်ချိန်ခြင်း၊ ဆေးပေးခြင်း၊ ဆေးထိုးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ပြီး မြို့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဝေလွင်နှင့် အလှူရှင်များက အလှူငွေများနှင့် အာဟာရများ ကျွေးမွေးလှူဒါန်းသည်။



ငါးသိုင်းချောင်းမြို့တွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ အသက် ၇၀ နှင့်အထက် အဘိုးအဘွားများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး အဘိုးအဘွား ၁၄၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးကာ ၈၉ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများကို မေ ၁၀ ရက်က အမှတ်(၁၇)ရပ်ကွက် မိဘဂုဏ်ရည်ဆန်စက်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)





တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇင်ထွန်း ဦးဆောင်၍ဌာနဆိုင်ရာတာဝန်ရှိသူများ မေ ၁၀ ရက်က ခရိုင်မီးသတ်စခန်းအရှေ့လမ်းဆုံနှင့် တောရကျောင်းမီးပွိုင့်လမ်းဆုံတို့၌ လမ်းသွားလမ်းလာများကို မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးပညာပေးဆောင်ရွက်စဉ်။

ခိုင်ထူး(ပြန်/ဆက်)



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရိရှ်ချန်ဒရာ ဂီမီအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး မစ္စတာ ဟာရိရှ်ချန်ဒရာ ဂီမီအား ယနေ့ နံနက် ၁၁ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ ပေးအပ်ခဲ့မှုနှင့် ဆေးအဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့်ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် နီပေါနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းက ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Michael Dunford အား နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသများမှ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## နိုင်ငံရေးပါတီများက ငလျင်ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၀**




မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အား အလွန်ပြင်းထန်သည့် မြေငလျင်ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံရေးပါတီ ၂၅ ပါတီက စုပေါင်း၍ အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ လှူဒါန်းသည့် နိုင်ငံရေးပါတီ ၂၅ ပါတီမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လှူဒါန်းသည့် နိုင်ငံရေးပါတီ ၂၅ ပါတီမှ ကိုယ်စားလှယ်များက ငွေကျပ် သိန်း ၁၀၀ အား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

လာရောက်စုပေါင်းလှူဒါန်းသည့် နိုင်ငံရေးပါတီ ၂၅ ပါတီမှာ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ (ကချင်)၊ ကချင်ပြည်နယ် ပြည်သူ့ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ‘ဝ’ အမျိုးသားပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ငြိမ်းချမ်းရေး အကျိုးဆောင်ပါတီ၊ အမျိုးသား နိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ၊ မွန်ညီညွတ်ရေးပါတီ၊ ဖက်ဒရယ် ဒီမိုကရက်တစ်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ပါတီ၊ တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ၊ ရခိုင့်ဦးဆောင်ပါတီ၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ၊ အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ၊ လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေး)၊ အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ပြည်သူ့ပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်)၊ ကချင်ပြည်နယ် ပြည်သူ့... တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီတို့ဖြစ်ပြီး မေ ၇ ရက်က အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)မှ ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ငါးသေတ္တာ၊ ဆီ၊ ခေါက်ဆွဲ၊ အာလူး၊ ကြက်သွန်ဖြူ/နီ၊ လက်ဖက်၊ အကြော်စုံ၊ ခေါက်ဆွဲ၊ ကြာဆံ၊ သောက်ရေသန့်၊ ယိုးဒယားမုန့်မျိုးစုံနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ မေ ၈ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ ဆန်လေးပြည်အိတ် ၂၅၀၊ ဆီ ၅၀ ကျပ်သားဘူး ၂၅၀၊ ရေသန့် (တစ်လီတာ)ဘူး ၂၅၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းများ ပြန်လည်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မေ ၁၀**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းများ ပြန်လည်ပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းမကြီးတစ်လျှောက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ဇမ္ဗူသီရိမြို့နယ် ဉာဏအောင်မြေလမ်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ နေပြည်တော်ကောင်စီသို့ စားသုံးဆီ ၅၀ ကျပ်သားဘူး ၂၅၂၀ နှင့် ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် စိုက်/မွေး/ဆည်ဝန်ကြီးဌာန ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မေ ၁၀

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ကြရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ယနေ့တွင် သက်ဆိုင်ရာဒေသရုံးများ၌ သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။




## ထောက်ပံ့ငွေများပေးအပ်

ပြည်ထောင်စုဝန်ကြီးသည် ဝမ်းတွင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်မှ ဝန်ထမ်းများကိုလည်းကောင်း၊ မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် မြစ်သားမြို့နယ်မှ ဝန်ထမ်းများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် ကျောက်ဆည်ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် စဉ့်ကိုင်မြို့နယ်မှ ဝန်ထမ်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးတွင် တိုင်းဒေသကြီး ခရိုင်တို့မှ ဝန်ထမ်းများကိုလည်းကောင်း စုစုပေါင်း အရာထမ်း၊ အမှုထမ်း ၃၅၂၇ ဦးအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရမှုအခြေအနေ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ ဌာနပိုင် အဆောက်အအုံများနှင့် ဒေသ၏စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို စိစစ်မေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားရာ၌ ယခုကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးကြောင့် မိမိတို့ ဝန်ထမ်းများအတွက် ထိခိုက်မှုအချို့ရှိခဲ့သော်လည်း မိမိတို့ထက် ပိုမိုထိခိုက်ပျက်စီးခဲ့သည့် ဒေသများ လူပုဂ္ဂိုလ်များနှင့်နှိုင်းယှဉ်ကြည့်ပြီး စိတ်ပျက်အားငယ်မှုမထားဘဲ မိမိတို့၏ မူလတာဝန်ဝတ္တရားများကို အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း၊ မိမိတို့တိုက်ရိုက် ထိတွေ့ဝန်ဆောင်မှုပေးနေကြရသည့် တောင်သူများ၏ အကျိုးစီးပွားနှင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေး မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အားသစ်မွေးကြစေလိုကြောင်း၊ ကြုံတင်တွက်ဆမရနိုင်သော သဘာဝဘေးကို ကြံ့ကြံ့ခံဖြတ်ကျော်နိုင်ရန် မိမိတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် ရေသောက်စနစ်ပြောင်းလဲမှု၊ မြေဆီလွှာပြောင်းလဲမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုအပေါ် နောက်ဆက်တွဲသက်ရောက်နိုင်မည့် အခြေအနေများကို မိမိတို့ကျွမ်းကျင်ရာပညာရပ်များဖြင့် ဖြေရှင်းပေးနိုင်ရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ဌာနအဖွဲ့အစည်းများအကြား အပြန်အလှန်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့၌ ယာယီနေရပ်စွန့်ခွာ၍ တွဲဖက်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၁၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ယာယီနေရပ်စွန့်ခွာ၍ တွဲဖက်တာဝန် ထမ်းဆောင်နေသော ဝန်ထမ်းများအား တွေ့ဆုံအားပေး စကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ထောက်ပံ့ငွေပေးအပ်

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အနီးစခန်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းခွင်နှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ရပ်ဆိုင်းခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နေရန်နှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို အမြဲမပြတ် စစ်ဆေးဆောင်ရွက်ပေးနေရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ အိမ်ရာလိုင်းခန်းတွင် နေထိုင်ရာတွင်လည်း စည်းလုံးညီညွတ်စွာဖြင့် မိသားစုသဖွယ် နေထိုင်သွားကြရန်နှင့် မိမိတို့နေထိုင်ရာ အိမ်ရာအတွင်း/အပြင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန်နှင့် မီးဘေးအန္တရာယ် မဖြစ်စေရေး ဂရုပြုနေထိုင်သွားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။




## လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနီးစခန်း ပင်မဓာတ်အားခွဲရုံရှိ ဓာတ်အားထိန်းချုပ်ခန်းအတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switchyard အတွင်း လက်ရှိ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

## ကြပ်မတ်ဆောင်ရွက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုး အုတ်တံတိုင်းများ တစ်ခန်းနှင့်တစ်ခန်းအကြား ချုပ်ဘင်းများထည့်ရန်၊ တပ်ဆင်ပြီးစီးသည့် ထရန်စဖော်မာများနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ငလျင်ဒဏ်သက်ရောက်မှု ရှိ/မရှိ ပညာရှင်အဖွဲ့နှင့် ထပ်မံစစ်ဆေးရန်၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ခွဲရုံ၏ လစ်လပ်မြေနေရာများတွင် ရာသီသီးနှံ၊ သီးပင်စားပင် အရိပ်ရလေကာပင်နှင့် နှစ်ရှည်ပင်များ မိုးမကျမီ စိုက်ပျိုးနိုင်ရေး စီစဉ်ထားရှိရန်တို့ကို မှာကြားသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းသည် လက်ရှိတွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၉၇ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိုင်းတုံမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု စစ်ဆေး



မိုင်းတုံ မေ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကျေးရွာမတည်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယမန်နေ့တွင် ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ကျောင်းတောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၁၇ ဦးကို ဆဋ္ဌမအကြိမ်မြောက် ရန်ပုံငွေကျပ် ၂၂ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ဟိုတယ်/တည်းခိုခန်းများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို မေ ၈ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



# ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများသည် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်၍ ဘိလပ်မြေဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်



နေပြည်တော် မေ ၁၀

**ဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် ဖြိုအမှတ် အေ-၅ ၌ ကျင်းပပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။**

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဖေဖော်ဝါရီ ၃ ရက်၌ ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ဖိတ်ကြား၍ ဘိလပ်မြေထုတ်လုပ်သူများအား လိုအပ်သည့် အထောက်အပံ့များပေးနိုင်ရေးအတွက် အသင်းဖွဲ့စည်းနိုင်ရေးကို ဆွေးနွေးခဲ့ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုသဖြင့် ဘိလပ်မြေထုတ်လုပ်သူများအသင်းကို ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဘိလပ်မြေစက်ရုံများမှ ကိုယ်စားလှယ် ၂၂ ဦးဖြင့် မေ ၈ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ပြည်တွင်းရှိဘိလပ်မြေစက်ရုံ ကိုးရုံအနေဖြင့် ပြင်းထန်သည့် ငလျင်မလှုပ်ခတ်မီ ဖေဖော်ဝါရီလတွင် တန် ၆၃ သိန်းကျော်ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း ငလျင်ဒဏ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘိလပ်မြေစက်ရုံ လေးရုံနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဘိလပ်မြေစက်ရုံတစ်ရုံတို့ ထိခိုက်ပျက်စီး၍ ရပ်နားခဲ့ရကြောင်း၊ ထို့ကြောင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘိလပ်မြေစက်ရုံများ၏ ပျက်စီးမှုအခြေအနေ၊ ပြန်လည်ပြင်ဆင်ရေးဆောင်ရွက်မည့် အခြေအနေ၊ လက်ကျန်အခြေအနေနှင့် ဘိလပ်မြေဖြန့်ဖြူးပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးပေးစေလိုကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးလိုသည်များကိုလည်း တင်ပြစေလိုကြောင်း၊ ထိခိုက်ပျက်စီးသွားသည့် ဘိလပ်မြေစက်ရုံများ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်များ ခေါ်ယူနိုင်ရေး၊ လိုအပ်သည့် စက်ပစ္စည်းများ ပြည်ပမှ မှာယူတင်သွင်းနိုင်ရေးတို့အတွက် ထောက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် အဆောက်အအုံများ ပျက်စီးမှုများပြားခဲ့၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေတန်ချိန် အမြောက်အမြားလိုအပ်လျက်ရှိ၍ ဘိလပ်မြေစက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်ရေးကို အရေးတကြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်သူများ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းရှိဘိလပ်မြေစက်ရုံများသည် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်၍ ဘိလပ်မြေဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ/သံမဏိစက်ရုံများ၊ အမိုး/အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက်ရုံအလိုက် လိုအပ်ချက်များဖြည့်ဆည်းကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းတင်ပြပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၏ အခြေအနေ၊ မြန်မာစီးပွားရေး ဦးပိုင်လီမိတက်၊ ရွှေတောင်ဘိလပ်မြေစက်ရုံ၊ မက်စ်မြန်မာဘိလပ်မြေစက်ရုံ၊ အမှတ်(၃၃)အကြီးစားစက်ရုံ (ကျောက်ဆည်)၊ ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံ၊ Crown ဘိလပ်မြေစက်ရုံ၊ ပတ္တမြားနဂါး ဘိလပ်မြေစက်ရုံတို့မှ တာဝန်ရှိသူများက စက်ရုံအသီးသီး၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ ပြန်လည်လည်ပတ်နိုင်မည့်အခြေအနေ၊ ကလင်ကာနှင့် ဘိလပ်မြေများ ကျန်ရှိနေမှု၊ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေတို့ကို အသီးသီးရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငလျင်ဒဏ်ကြောင့် ပြည်သူများ၏ နေအိမ်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဘိလပ်မြေများ လိုအပ်သဖြင့် စက်ရုံပြန်လည် လည်ပတ်နိုင်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ကြရန်၊ ဘိလပ်မြေထုတ်လုပ်သူများသည် နည်းပညာရပ်များကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းဆောင်ရွက်နေ၍ စက်ရုံအသီးသီးမှ ထုတ်လုပ်သည့်ဘိလပ်မြေများ၏ အရည်အသွေးများကိုလည်း ပြည်သူအများ သိရှိအောင် ဆောင်ရွက်ပေးသွားရန်နှင့် လုပ်ငန်းဆောင်ရွက်သည့် အတွေ့အကြုံများကို မျှဝေပေးသွားရန်၊ ဘိလပ်မြေထုတ်လုပ်သူများအသင်း ဖွဲ့စည်းပြီးဖြစ်၍ စက်ရုံအချင်းချင်း လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးသွားကြရန်၊ အသင်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးမြို့အတွင်း မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သည့် ဟိုတယ်များအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းရှင်များအားတွေ့ဆုံ

နေပြည်တော် မေ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့အတွင်း မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့ရသည့် ဟိုတယ်များသို့ သွားရောက်၍ ဟိုတယ် အဆောက်အအုံများ အတွင်းအပြင် ပြိုကျပျက်စီးနေမှုအခြေအနေများ၊ ပျက်စီးမှုများကို ရှင်းလင်း ဖယ်ရှားနေမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟိုတယ်များမှ တာဝန်ရှိသူများအား တွေ့ဆုံအားပေးကာ ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများကို လမ်းများပိတ်ဆို့မှုမရှိအောင် အမြန်ရှင်းလင်းဖယ်ရှားကြရန်၊ အပျက်အစီးများကို ဖယ်ရှားခြင်း၊ အဆောက်အအုံများကို ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းနှင့် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးတို့သည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ တာဝန်ရှိသူများအား Hotel Hazel ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ဟိုတယ် အဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှုအပေါ် မူတည်၍ သက်ဆိုင်ရာ ပညာရှင်များ၏ စစ်ဆေးချက်များရယူကာ ၎င်းတို့၏ တွေ့ရှိချက်များအတိုင်း လုပ်ငန်းစဉ်လိုက် ပြုပြင်မွမ်းမံ၍ အမြန်ဆုံး ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ပြိုကျပျက်စီးသွားသော ဟိုတယ်အဆောက်အအုံ များကိုလည်း အမြန်ဆုံး ရှင်းလင်းနိုင်ရေး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျစာရင်းပြုစု၍ တင်ပြပေးစေလိုပါကြောင်း။

ထိခိုက် ပျက်စီးသွားသော အဆောက်အအုံများ အတွင်းသို့ မလိုအပ်ဘဲ ဝင်ရောက်ခြင်း မပြုကြရန်နှင့် ဘေးအန္တရာယ်ကင်းစွာနေထိုင်ကြရန် လိုအပ်ပါကြောင်း၊ အန္တရာယ်ရှိသော အဆောက်အအုံများ အတွင်းသို့ ဝင်ရောက်ရာတွင် အန္တရာယ်မဖြစ်အောင် အကာအကွယ်များ ဝတ်ဆင်၍ သတိထားဆောင်ရွက်သွားကြရန်နှင့် ငလျင်အန္တရာယ်ဆိုင်ရာ သတိပြုရန် ထုတ်ပြန်ချက်များအား သိရှိလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများဖြစ်ပေါ်လာနိုင်သည့်အတွက် သတိရှိစွာနေထိုင်ကြရန် လိုအပ်ပါကြောင်း၊ အာမခံထားရှိသော လုပ်ငန်းရှင်များအနေဖြင့် အာမခံကြေးများ အမြန်ရရှိအောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရမှုများမှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများ၊ ဟိုတယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့်အခက်အခဲများကို အသီးသီးတင်ပြကြရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းပံ့ပိုး ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ဗဟို)၊ ရန်ကုန်ဇုန်၊ တာချီလိတ်ဇုန်နှင့် ပြည်တွင်း/ပြည်ပမှ အလှူရှင်များက လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၁၀

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များဖြင့် အာရှပစိဖိတ်ဒေသ ပူးတွဲအဖွဲ့(APJG) မျက်နှာချင်းဆိုင်အစည်းအဝေး တက်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် Video Conferencing ဖြင့် ကျင်းပသည်။**

အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၄) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် APJG မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်းအကြံပြုချက်များကို ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ထပ်မံဖြည့်စွက်ဖြေကြားရမည့် အချက်အလက်များကို လည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ကျင်းပပြုလုပ်မည့် APJG မျက်နှာချင်းဆိုင်အစည်းအဝေးသို့ Online ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အဆင်ပြေချောမွေ့စွာ တက်ရောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

## ရှင်းလင်းဖြေကြား

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက APJG မျက်နှာချင်းဆိုင် အစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ယခုကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်အခက်အခဲကာလအတွင်း၌ပင် AML/CFT လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံရေးအရ အရာရှိကြီးများ၏ စိတ်အားထက်သန်မှု (Political Will) နှင့် သန္နိဋ္ဌာန်ချမှတ်ထားမှု (Political Commitment) တို့ကို ပြသနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးက (၁၄) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် APJG မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်းအကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်းဖြေကြားနိုင်သည့် အချက်အလက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# ရထားလမ်းပိုင်းများ ပိုမိုတောင့်တင်းကြံ့ခိုင်စေရေး စက်ယန္တရားကြီးများအသုံးပြုပြီး မွမ်းမံပြင်ဆင်လျက်ရှိ ပျဉ်းမနား - တောင်တွင်းကြီး - ပျဉ်းမနားလမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ စတင်ပြေးဆွဲ

**နေပြည်တော် ဧပြီ ၁၀**

မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ရထားလမ်းပိုင်းနှင့် တံတားအချို့ ပျက်စီးခဲ့မှုများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် လူအင်အား၊ စက်ယန္တရား အင်အားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီး ရန်ကုန် – မန္တလေးရထားလမ်းပိုင်းတွင် လူစီးရထားနှင့် ကုန်ရထားများ၊ ကုန်သေတ္တာရထားများကို ဧပြီ ၅ ရက်မှစ၍ ပြန်လည်ပြေးဆွဲခဲ့ပြီးဖြစ်သည်။ ယခုအခါ ရထားလမ်းပိုင်း ပိုမိုတောင့်တင်းကြံ့ခိုင်စေရန်အတွက် ရန်ကုန်–မန္တလေးလမ်းပိုင်းအတွင်းရှိ ရွာပုလဲဘူတာနှင့်ဟံဇားဘူတာကြား၊ ညောင်လွန့်ဘူတာနှင့် မန်ကျည်းပင်ဘူတာကြား၊ဖြူးဘူတာနှင့် ညောင်ပင်သာဘူတာများအကြားတွင် ကျောက်ဖြည့် ပက်ကင်ရိုက်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံး ညှိခြင်းများကို All TM စက်ယန္တရားကြီးများဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်ပေးနိုင်ရေး ပျဉ်းမနား – တောင်တွင်းကြီး လမ်းပိုင်းတွင် အမှတ်(၁၀၃) အဆန်/အမှတ်(၁၀၄) အစုန် ပျဉ်းမနား – တောင်တွင်းကြီး – ပျဉ်းမနား လူစီးကုန်တင် ရထားများအား ဧပြီ ၁၀ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ အမှတ် (၁၀၃) အဆန် လူစီးကုန်တင်ရထားသည် ပျဉ်းမနားဘူတာမှ မွန်းလွဲ ၂ နာရီတွင် စတင်ထွက်ခွာ၍ တောင်တွင်းကြီးဘူတာသို့ ည ၈ နာရီတွင် လည်းကောင်း၊ အမှတ် (၁၀၄)အစုန် လူစီးရထားသည် တောင်တွင်းကြီးမှ နောက်နေ့ နံနက် ၅ နာရီတွင် စတင်ထွက်ခွာ၍ ပျဉ်းမနားသို့ နံနက် ၁၁ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါရထားတွင် ရိုးရိုးတန်း လူစီးတွဲငါးတွဲနှင့် ဘရိတ်တွဲတစ်တွဲ ပါဝင်မည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားနှင့် လမ်းခရီးတွင် ရပ်နားမည့်ဘူတာများမှာ ယခင်အတိုင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားနိုင်

နေပြည်တော် ဧပြီ ၁၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက် – အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။




အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**





# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ



**နေပြည်တော် မေ ၁၀**

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့ တည်ဆောက်မှု လုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ် ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ မေ ၉ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သော ဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေ တင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ကုန်မျိုးစုံများအား သက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့်ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျောင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၁၂ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ မေ ၁၀ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက် အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့(မနောသုခ–Export Quality) ၈၂၂၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၈၃၀ ၊ ဆီပိဿာ ၁၈၉၅၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၄၇၁အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၃၉၅၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၃၅၂ အိတ်၊ စားအုန်းဆီ ပိဿာ ၂၄၂၀၀ ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၀၆ အိတ်၊ စားအုန်းဆီ ၃၁၃၃ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀ ၊ ကြက်သွန်နီပိဿာ ၄၅၀ ၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ မေ ၁၄ ရက်မှ မေ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၆၇၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၄- ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၆၀ | ၃၁၃၀ | ၃၀၆၀ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၀ | ၃၁၂၀ | ၄၅၀၅ | ၃၄၁၀ | ၃၁၃၅ | ၃၁၄၀ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၅ | ၃၄၅၀ |
| 95 Ron | ၃၁၁၀ | ၃၂၂၀ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၀ | ၃၁၈၀ | ၄၅၆၀ | ၃၄၇၅ | ၃၁၉၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၃၀ | ၂၇၂၅ | ၂၇၄၅ | ၂၆၆၅ | - | ၂၈၁၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၄၀ | ၂၈၉၅ |
| HSD (50 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၈၃၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |
| HSD (10 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | - | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၈ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၁၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဘူတန်ဘုရင့်နိုင်ငံ ဆေးဘက်ဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ရေသန့်စင်စက်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ လှူဒါန်း

**နေပြည်တော် မေ ၁၀**

နေပြည်တော်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှိ မစိုးရိမ်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တရေဝတထံ ရေသန့်စင်စက်နှင့် လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီနှင့် ဆန်၊ ဆီ၊ သကြား စသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ထို့နောက် ကျောင်းတိုက်အနီးရှိ ရပ်ကွက်အတွင်းမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းပွဲတွင် ဘူတန်ဆေးဘက်ဆိုင်ရာအဖွဲ့၏ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ လျှပ်စစ်ဓာတ်အားမလိုအပ်ဘဲ တစ်နေ့လျှင် ရေလီတာ ၁၀၀၀၀ သန့်စင်ပေးနိုင်သည့် အလိုအလျောက်ရေသန့်စင်စက်၊ လီတာ ၂၀၀၀ ဆံ့ ရေတိုင်ကီတစ်လုံး၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ တစ်ကိုယ်ရေသုံးပစ္စည်းအစုံ ၁၀၀ နှင့် ဆန်၊ဆီ၊သကြားစသည့် လှူဖွယ်ပစ္စည်းများအပါအဝင် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀၀ ကျော်ဖြစ်သည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းသို့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၃၄၃ သန်းနှင့် ပြည်တွင်းလုပ်သား ၈၇ ဦး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့

ပဲခူး ဧပြီ ၁၀



**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။ (ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍကြီး (၅) ရပ်ရှိသည့်အနက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေး စက်မှုဇုန်ရှိ စက်ရုံ/အလုပ်ရုံများ Solar System သုံးစွဲနိုင်ရေး စည်းရုံးဆောင်ရွက်ရန် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း အငယ်စား၊ အသေးစား၊ အလတ်စား Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ဖြန့်ဖြူးနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်သလို စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာစက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ဘက်စုံ၊ ကဏ္ဍစုံ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးနှင့် ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါများစေရေး တက်ရောက်လာသည့် ကော်မတီဝင်များက ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူးက Tip Power Co., Ltd. မှ SKD စနစ်ဖြင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ခြင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်လျှောက်ထားမှုနှင့် သွင်းကုန်ပစ္စည်း CODE ပြင်ဆင်ခြင်းနှင့် သွင်းကုန်ပစ္စည်း တိုးမြှင့်ဆောင်ရွက်မည့် အမှုတွဲများအား ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ်၊ ဧပြီလ၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်း ငွေကျပ် ၂၃၄၃ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၈၇ ဦး ဖန်တီးပေးနိုင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၀၉ ဒသမ ၀၂ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကျပ်သန်း ၁၉၇၀၅၄ ဒသမ ၂၂ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၃၃၂၂ ဦး ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၁၀**



မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီ၊ တကောင်းရပ်ကွက်ရှိ မဟာစေတီ၊ ပန်းဘဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ မင်းလမ်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများနှင့် ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများသည် ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) တံတားကြီး၏ ချဉ်းကပ်လမ်းများ အက်ကွဲသွားသဖြင့် ကြံ့ခိုင်မှုစစ်ဆေးနေစဉ် အဆိုပါတံတားပေါ်၌ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုများကို လည်းကောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် ဟံသာဂီရိဘုန်းတော်ကြီးကျောင်း သာသနိက အဆောက်အအုံများ ပြိုကျပျက်စီးနေမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာ၊ စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနရုံး၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် သောက်သုံးရေ အဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်ဖြန့်ဝေရေး မော်တော်ယာဉ်တို့မှ ဧရာဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် Sky Villa နေရာသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ မန္တလေးမြို့ စန္ဒာမုနိဘုရား၊ အရိပ်မထွက်ဘုရား၊ စကုကျောင်းတိုက်၊ စူဠာမဏိစေတီတော်နှင့် မဟာမုနိဘုရားကြီးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ တိမ်ဖြူဟိုတယ်၊ ကျူးလစ်ဟိုတယ်၊ ဝင်းစတားဟိုတယ်၊ မန်းမြန်မာပလာဇာ၊ Ayawaddy River View ဟိုတယ်နေရာများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများကလည်းကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မြင်းခြံ-မြစ်သား ရေဝန်းလမ်းပေါ်ရှိ ငလျင်ဒဏ်သင့်၍ ကွဲအက်နိမ့်ကျ ပျက်စီးသွားသော မိုင်တိုင် ၄၆/၄ မှ ၄၇/၀ ထိ သုံးဖာလုံ နေရာ၊ စမုံတံတားအနီးရှိ ပျက်စီးသွားသော လမ်းပိုင်းနေရာ၊ မြစ်သားမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြိုကျပျက်စီး အဆောက်အအုံများ၊ မြစ်သားမြို့ ရွှေမုဋ္ဌောစေတီနေရာ၊ ကူမဲမြို့ ယုဇနတံတား ပျက်စီးမှုနေရာနှင့် ကူမဲမြို့ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ ပြိုကျပျက်စီးသွားသော အဆောက်အအုံများကို သွားရောက်ကြည့်ရှု၍ အပျက်အစီးရှင်းလင်းဖယ်ရှား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကင်းတားဘက်စုံရေလှောင်တမံ ကြံ့ခိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော လှူဖွယ်ပစ္စည်းများ လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြပြီး ယာယီဆေးရုံရှိဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများနှင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အောင်လံမြို့၌ မြို့နယ်သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဧပြီ ၁၀**

အောင်လံမြို့၌ ဒုရင်ဗိုလ်ကျေးရွာနှင့် နံ့ဇူပင်ကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်ရှိ နှံ့စပါး စိုက်ပျိုးသည့် အသင်းသားတောင်သူများအား မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ သွင်းအားစုပံ့ပိုးသည့် အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာတို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိတာရီထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြမြလွင်က လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုရင်ဗိုလ်ကျေးရွာနှင့် နံ့ဇူပင်ကျေးရွာ၌ နှံ့စပါးစိုက်ပျိုးသည့် အသင်းသား တောင်သူ ၃၁ ဦးပိုင် စပါးစိုက်ဧက ၆၅ ဧကအတွက် လိုအပ်သည့် သွင်းအားစုများကို တာဝန်ရှိသူများက ပံ့ပိုးပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄၇ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၂ ဦး၊ ကာဇက်စတန်နိုင်ငံသား လေးဦး၊ ကာဂျစ္စတန်နိုင်ငံသား ရှစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား နှစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၄၇ ဦးတို့ကို ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ကောင်စစ်ဝန် H.E Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Zhenis Mambetaliyev နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် Mr. Nuriddin Mamatkulov နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ Police Attache Mr. Dmitry Trushkin နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၂၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ၁၄၆၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေးဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Aerostan လေကြောင်းလိုင်းမှ လေယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး အဆိုပါလေယာဉ်တွင် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် ဆေးဝါးများနှင့် ယာယီတဲများ စုစုပေါင်း ၆၅ ထုပ်၊ ၂၄၈၆၀ kgကို တင်ဆောင်၍ ရောက်ရှိလာသည်။

ဆက်လက်ပြီး ယနေ့မွန်းလွဲပိုင်းတွင် ယူအေအီးနိုင်ငံ UAE Air Force မှ Cargo Flight (ကယ်ဆယ်ရေးပစ္စည်း)တင်ဆောင်လာသည့် လေယာဉ်သည် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် အစားအစာများနှင့် ယာယီတဲများ စုစုပေါင်း ၃၆ ထုပ်၊ ၃၃၅၈၂ kg တင်ဆောင်၍ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို လိုက်လံကြည့်ရှုပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် ကူညီကယ်ဆယ်ရေး အဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားကာ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။



ယင်းသို့ ရောက်ရှိလာသည့် ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များ ပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# နီပေါနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ထပ်မံရောက်ရှိ

**နေပြည်တော် ဧပြီ ၁၀**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ နီပေါနိုင်ငံမှ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်း ပစ္စည်းတန်ချိန် ၂၅၄၄၅ ကီလိုဂရမ် တင်ဆောင်လာသော A-330 အမျိုးအစားလေယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ရောက်ရှိကြသည်။

အဆိုပါ ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire က လွှဲပြောင်းပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိဏ်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန် ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၁၀ ရက်အထိ သေဆုံးသူ ၃၆၀၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၇ ဦးနှင့် ပျောက်ဆုံးသူ ၁၄၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၂၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၉ ရက် ညနေပိုင်းမှ မေ ၁၀ ရက်အတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် နီပေါနိုင်ငံတို့မှ လေယာဉ်စင်းရေ သုံးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ချိန် ၉၁ ဒသမ ၂၆ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်းပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဘေးဒဏ်သင့် သင်္ဘောသားမိသားစုများအတွက် ကူညီထောက်ပံ့ပေးမည်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်၏ (၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ရှိ Wyndham Grand ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် သဘာပတိအဖွဲ့တင်မြှောက်ခြင်းနှင့် နေရာယူခြင်း၊ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည့် သင်္ဘောသားများနှင့် ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးသွားသူများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်၏ သဘာပတိအဖွဲ့ခေါင်းဆောင် ကပ္ပတိန်အေးမောင်၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ်ဥက္ကဋ္ဌ ကပ္ပတိန် စိုးမင်းအောင်တို့က အမှာစကား ပြောကြားသည်။




ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာအား ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာအား အတည်ပြုခြင်း၊ ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးအစီရင်ခံစာ ဖတ်ကြားခြင်း၊ ဘဏ္ဍာရေးအစီရင်ခံစာအားအတည်ပြုခြင်း၊ နာယကအဖြစ် အဆိုပြုအမည်တင်သွင်းသည့် ပုဂ္ဂိုလ်များအား နာယကအဖြစ် တင်မြှောက်ခြင်းနှင့် အတည်ပြုခြင်း၊ ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ် အဆိုပြုအမည် တင်သွင်းသည့် ပုဂ္ဂိုလ်များ၏ အမည်များအား ဖတ်ကြားတင်သွင်းခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားအလုပ်သမားအဖွဲ့ချုပ်မှ ငလျင်ဘေးဒဏ်သင့် သင်္ဘောသား မိသားစုများအတွက် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ငလျင်ဘေးဒဏ်သင့်လူနာများအား သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အလှူငွေများလှူဒါန်း

**ရန်ကုန် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ သဃ်န်းကျွန်းခရိုင်၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှု ခံယူနေသည့် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်လူနာများအား သဃ်န်းကျွန်းခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်သည်။ **(အောက်ပုံ)**



ထိုကဲ့သို့ လှူဒါန်းရာတွင် သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်စည်သူနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက ရန်ကုန် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်လူနာ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာ ၃၅ ဦးအတွက် စုစုပေါင်း လှူဒါန်းငွေကျပ် ၃၅ သိန်းတိတိကို လူနာရှင်များ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KO Thae” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာတော်ကုန်းကျေးရွာနေ သန့်ဇင်ဦး (ခ) သဲမောင်အား နံနက် ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၀၀၀၀) ကိုလည်းကောင်း၊ လေဆိပ် (ကုန်လှောင်ရုံ) ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတား (မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၇၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Charm Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုက်မရောပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၈၄၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၌ တရားမဝင် အခြားသစ် ၃ ဒသမ ၄၅၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဟင်္သာတမြို့နယ် လယ်တီကွင်းရပ်ကွက် မြို့အဝင်စစ်ဆေးရေးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၇၂၀၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

GGI NIPPON LIFE အသက်အာမခံ

## “ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း”

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက် အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံအကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-400083003, 09-400083004, 09- 942587788, 09-664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

GGI TOKIO MARINE GENERAL INSURANCE

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈-၃-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် “GGI Tokio Marine General Insurance Company”၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်-

ဖုန်းနံပါတ် - 09-883002446,09-883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေဝတ်မှုံ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ(၀.၁၈၅)ဧကရှိ မြေကို ဦးမောင်မောင်ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း အသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း (၂) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ နေပြည်တော်တွင် (၁၀-၄-၂၀၂၅) ရက်မှ (၂၈-၄-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ရောင်းချ မည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား (၂၈-၄-၂၀၂၅) ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၅၆၇)ရှိ ဦးခင်မောင်စန်း ၁၂/ဗဟန(နိုင်) ၀၇၀၂၄၂ အမည်ပေါက် ဂရန်(မူရင်း)၊ ဧရိယာအကျယ်အဝန်း (၄၀ပေ x ၆၀ပေ)အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် (၂၀ပေ x ၆၀ပေ)(၅၆၈) မြေ ကွက်နှင့်ကပ်လျှက်အခြမ်း၊ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အမည်ပေါက် ဦးခင်မောင်စန်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စံပယ်စန်း ၁၂/ကမရ(နိုင်) ၀၃၉၃၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေအိန္ဒြေစိုးဝင်း ၁၂/ရပသ(နိုင်) ၀၈၄၇၁၇မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင် လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေအိန္ဒြေစိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မြတ်မွန်ခိုင်(LL.B)** | **ဒေါ်စုရည်လှိုင်(LL.B)** | **ဒေါ်သင်းလဲ့လှိုင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၆၇၄၅)** | **(စဉ်-၁၈၇၄၅)** | **(စဉ်-၅၆၇၄၄)** |

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

### ငြင်းချက်ထုတ်ရန် ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
### တောင်ငူမြို့နယ်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇

| | | |
|---|---|---|
| ဦးဝင်းကျော် | နှင့် | ဦးလာလီတာဟန်(စ်)ရိုဂျ် |
| တရားလို | | တရားပြိုင် |

တောင်ငူမြို့၊ (၂၀)ရပ်ကွက်၊ အောက်ချိုင်းနေ တရားပြိုင် ဦးလာလီတာဟန်(စ်)ရိုဂျ်(ဘ)ဦးစောအယ်ဝါး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဧပြီလ (၂၃) ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေယံထက်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ငူမြို့နယ်တရားရုံး

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂

| | | |
|---|---|---|
| ဦးဇော်ဇော် | နှင့် | ဦးအောင်လွင် |
| တရားလို | | တရားပြိုင် |

ဦးအောင်လွင်၊(ဖ-၃၆)၊ သဇင်လမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးဇော်ဇော် က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ မေလ ၉ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိ သည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးညွန့်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

### ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆) အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၄/၂၆၅)၊ မြေဧရိယာ ၀ ဒသမ ၈၄ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၈၂/၂၀၁၆ -၂၀၁၇ အရ မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက် အမည်ဖြင့်ရရှိခဲ့ပြီး မင်းဇာနည်ရေလုပ်ငန်း ကုမ္ပဏီလီမိတက်(ကိုယ်စား)ဦးညိုမင်း၏ အထူးကိုယ်စား လှယ်ရရှိသူ ဒေါ်ထက်ထက်ဦးဝေ ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၂၂၀/၂၀၂၂) ဖြင့် ဦးစန်းမောင်၊ ဒေါ်အေးအေးမူတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးစန်းမောင် ၆/ကစန(နိုင်)၀၀၃၄၇၄၊ ဒေါ်အေးအေးမူ ၆/ထဝန(နိုင်)၀၂၅၈၆၂ တို့မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

### ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ
### ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၆

| | | |
|---|---|---|
| ၁။ ဦးဝင်းနိုင်(ခ)နိုင်နိုင် | နှင့် | ၁။ ဦးဇော်ဝင်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ချိုမာဝင်း) |
| ၂။ ဦးစိုးခိုင်ဦး | | ၂။ ဦးအေးခိုင် |
| ၃။ ဦးအေးထွန်း | | ၃။ ဦးထွန်းလှိုင် |
| ၄။ ဦးဖြိုးမင်းပိုင် | | ၄။ ဦးမျိုးလေး |
| ၅။ ဦးကျော်လင်းနိုင် | | |
| **ပြင်ဆင်မှုလျှောက်ထားသူများ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူများ** |

မြောင်းမြခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၉/၂၀၂၃၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက် ရက်စွဲပါ အမိန့်နှင့် ဒီကရီကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ ပြင်ဆင်မှုလျှောက်ထားခံရသူအမှတ်(၂) ဦးအေးခိုင်၊ အမှတ်(၃) ဦးထွန်းလှိုင်၊ အမှတ် (၄) ဦးမျိုးလေး၊ ခနုံးချောင်းကျေးရွာ၊ ခနုံးချောင်းကျေးရွာအုပ်စု၊ မြောင်းမြမြို့နယ်၊ ရေဝတီတိုင်းဒေသကြီးနေ(ယခုနေရပ် လိပ်စာမသိသူများ)သိစေရမည်။

ယခုအမှုတွင် မြောင်းမြခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် အမိန့်နှင့်ဒီကရီကို ဦးဝင်းနိုင်(ခ)နိုင်နိုင် ပါ(၅) က ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤပြင်ဆင်မှုကို ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် )တွင် ဆိုင်ရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ယဉ်နွယ်ဝင်း)
ဒုတိယညွှန်ကြားရေးမှူး
ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ကြီးမြို့နယ်၊ ကပ်ကျေးရပ်ကွက်နေ ဦးစိုး၏သား ၇/ကကန(နိုင်)၀၃၄၀၂၂ ကိုင်ဆောင်သူ ဦးထွန်းထွန်းဦး (ခ) ဦးထွန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး(ခ)**
**ဦးထွန်းထွန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/64379 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၇/ဒဥန(နိုင်)၁၅၆၉၄၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ စက်ရုံရပ်ကွက်အတွင်းရှိ ပြည်လမ်း အမှတ်(၃၆၅)နေ ဦးဌေးဇော် (၈/မထန(နိုင်)၁၁၈၀၂၉)၊ ဒေါ်ခင်ထွေး(၈/မထန(နိုင်)၀၈၂၅၆၄)တို့၏သားဖြစ် သူ မောင်ထင်လင်းထက်(၈/အလန(နိုင်)၁၈၄၅၀၁)သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ထင်လင်းထက်နှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိဘများ- ဦးဌေးဇော်-ဒေါ်ခင်ထွေး**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ ရွာမလမ်းနေ ဦးအောင်မြင့်၏ သမီး မနှင်းနွယ်အောင် ၁၄/လမန(နိုင်)၀၆၅၀၇၇၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၄-၁၉၇၇ ခုနှစ်ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1754 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/58021, TVS Rock-Z 125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်တိုး ၁၄/ကလန(နိုင်)၀၈၀၂၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၃၁၉၀၁, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုလွင် ၁၀/ဘလန(နိုင်)၀၇၇၄၂၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၉၁၇၀၂, YAMAHA FZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ပိုင်ဦး ၁၀/သထန(နိုင်)၂၆၇၀၁၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၆၁၆၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၁၀/မလမ(နိုင်)၁၈၇၃၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ (မော်လမြိုင်မြို့)**

